**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

**စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်များဥပဒေ**

**(၂၀၁၈ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**(၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်)**

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်များဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်များဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး ပြတိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(စ) **ဌာနခွဲတာဝန်ခံ** ဆိုသည်မှာ ဦးစီးဌာန လက်အောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲတာဝန်ခံကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ကော်မတီက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

(ဇ) **ပြတိုက်** ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူ နိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာန အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကို ဆိုသည်။

(ဈ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကော်မတီက ပြတိုက်ဖွင့်လှစ်ထားရှိခြင်းအား အသိအမှတ်ပြု ထုတ်ပေး ထားသည့် လက်မှတ်ကို ဆိုသည်။

Myanmar Law Information System (MLIS)

(ည) **အထူးပြပွဲ** ဆိုသည်မှာ အများပြည်သူ လေ့လာသင်ယူနိုင်စေရန်နှင့် အသိပညာပေး ဖြန့်ဝေရန် ရည်ရွယ်၍ ပုဒ်မခွဲ (ဇ) ပါ အကြောင်းအရာတစ်ခုခုကို ကာလသတ်မှတ်ချက်ဖြင့် ခင်းကျင်းပြသမှုကို ဆိုသည်။

(ဋ) **ဗဟိုကော်မတီ** ဆိုသည်မှာ မြန်မာနိုင်ငံပြတိုက်များ ဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံပြတိုက်များ ဗဟိုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ သမိုင်းဆိုင်ရာပစ္စည်းများ၊ စာပေဆိုင်ရာပစ္စည်းများ၊ အနုပညာဆိုင်ရာပစ္စည်းများ၊ သိပ္ပံဆိုင်ရာအချက်အလက်များ၊ နည်းပညာဆိုင်ရာ ပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ထုံးတမ်းအစဉ်အလာ ဓလေ့စရိုက်များစသည်တို့ စုဆောင်းထားရှိသော ပြတိုက်များကို အားပေးကူညီရန်၊

(ခ) တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်ရန်နှင့် မှတ်တမ်း တင်နိုင်ရန်၊

(ဂ) တိုင်းဒေသကြီးအတွင်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ သမိုင်းဆိုင်ရာပစ္စည်းများ၊ စာပေဆိုင်ရာပစ္စည်းများ၊ အနုပညာဆိုင်ရာပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာ ဓလေ့စရိုက်များထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်သော်လည်းကောင်း၊ ဌာနခွဲတာဝန်ခံက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနနှင့်လူမှုအသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ တတ်သိပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော တိုင်းဒေသကြီးပြတိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို (၇) ဦးထက်မနည်းသည့် အရေအတွက်ဖြင့် ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ သက်တမ်းမှာ အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) ပြတိုက်များ တည်ထောင်ဖွင့်လှစ်ထားရှိရေးအတွက် မှတ်ပုံတင်လျှောက်ထားချက်အပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ခြင်း။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် ညီညွတ်ခြင်း မရှိပါက ငြင်းပယ်ခြင်း။

(ဂ) မှတ်ပုံတင်သက်တမ်း သတ်မှတ်ခြင်း၊ တိုးမြှင့်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(ဃ) မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး၊ သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးများ သတ်မှတ်ခြင်း။

(င) မှတ်ပုံတင်ထားသော ပြတိုက်များအား စာရင်းပြုစုထားရှိခြင်းနှင့် လိုအပ်သည့် အထောက်အပံ့များကို အခါအားလျော်စွာ ကူညီထောက်ပံ့ခြင်း။

(စ) လိုအပ်ပါက ခရိုင်၊ မြို့နယ်ကော်မတီအဖွဲ့ခွဲများ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း။

(ဆ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

(ဇ) ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်ခင်းကျင်းပြသမည့် ပြတိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍မြန်မာနိုင်ငံပြတိုက်များ ကော်မတီသို့ ဆက်လက်ပေးပို့ဆောင်ရွက်ခြင်း။

(ဈ) အထူးပြပွဲများဖြစ်စေ၊ ပြပွဲများဖြစ်စေ၊ ခင်းကျင်းပြသရန် လျှောက်ထားလာပါက စိစစ်ခွင့်ပြုပေးခြင်း။

## အခန်း (၅)

## မှတ်ပုံတင်ခြင်း

၇။ ပြတိုက် ဖွင့်လှစ်ဆောင်ရွက်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရန်လျှောက်လွှာနှင့်အတူ သတ်မှတ်ထား သည့် စာရွက်စာတမ်းများ ပူးတွဲလျက်ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည်-

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိမရှိ စိစစ်ရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

၉။ ကော်မတီသည် ပြတိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ပြတိုက်များ အခြေအနေကို စိစစ်၍ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်လက်မှတ် ရရှိသူ၏တာဝန်များ

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဖွင့်လှစ်ထားရှိလိုပါက သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

(ဂ) ပြတိုက်နှင့် ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အချိန်မှန်ဖွင့်လှစ်နိုင်ရေး၊ လေ့လာသည့် ဧည့်သည်များ အဆင်ပြေစွာလေ့လာနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ရမည်။

(င) သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ရမည်။

(စ) ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၇)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီသည် စစ်ဆေးရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၂။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လျှောက်လွှာပါ အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) ပြတိုက်ဖွင့်လှစ်ထားရှိမည့် တည်နေရာသည် ပတ်ဝန်းကျင်ဒေသနှင့် ဆီလျော်မှုရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) ပြတိုက်အဆောက်အဦ၏ သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်းကောင်းမွန်မှုရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ပြတိုက်နှင့် စပ်လျဉ်းသည့် စာရင်းဇယားများ၊ စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊

(င) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို မှတ်ပုံတင်ရရှိသူက လိုက်နာမှု ရှိ မရှိ စစ်ဆေးခြင်း၊

(စ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီထံတင်ပြခြင်း၊

(ဆ) ကော်မတီက တာဝန်ပေးအပ်သော ပြတိုက်ဆိုင်ရာအခြားစစ်ဆေးရေး တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဇ) ပြတိုက်များတွင် ခင်းကျင်းပြသထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ပတ်သက်၍ တည်ဆဲဥပဒေ နှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးခြင်း။

## အခန်း (၈)

## ပြတိုက်ပစ္စည်းစုဆောင်းခြင်း

၁၃။ ပြတိုက်များသည် အောက်ပါနည်းလမ်းများဖြင့် ပြတိုက်ပစ္စည်းများကို စုဆောင်းနိုင်သည်-

(က) ထိုက်တန်သော တန်ဖိုးချီးမြှင့်၍ ဝယ်ယူခြင်း၊

(ခ) လှူဒါန်းမှုကို လက်ခံရယူခြင်း၊

(ဂ) ပစ္စည်းခြင်း ဖလှယ်ခြင်း၊

(ဃ) တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း၊

(င) တီထွင်ဖန်တီးခြင်း၊

(စ) ခေတ္တငှားရမ်းခြင်း၊

Myanmar Law Information System (MLIS)

၁၄။ ပြတိုက်များတွင် ပြတိုက်ပစ္စည်းများ စုဆောင်းရေးမူဝါဒကို သတ်မှတ်ထားပြီး အဆိုပါမူနှင့်အညီ စုဆောင်းရမည်။

၁၅။ ပြတိုက်ပစ္စည်းများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရ။

၁၆။ မည်သည့် ပြတိုက်မဆို မိမိပြတိုက်ရှိ ပြတိုက်ပစ္စည်းများ စုဆောင်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၉)

## ပြတိုက်ရန်ပုံငွေ

၁၇။ အစိုးရအဖွဲ့သည် ပြတိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကော်မတီကတင်ပြသော ရန်ပုံငွေကို စိစစ်၍ နှစ်စဉ် အရအသုံးမှန်းခြေ ငွေစာရင်းတွင်ထည့်သွင်းရေးဆွဲရမည်။

၁၈။ ကော်မတီသည် မိမိ၏ အရအသုံးဆိုင်ရာ ငွေစာရင်းများကို အစိုးရအဖွဲ့က သတ်မှတ်သည့် စာရင်းစစ်အဖွဲ့ ၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၉။ ပြတိုက်များသည် အသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလများ၊ လုပ်ငန်းရှင်များမှ လှူဒါန်းသော ရန်ပုံငွေကို လက်ခံသုံးစွဲခွင့်ရှိသည်။

၂၀။ ပြတိုက်များသည် အရအသုံးငွေစာရင်းကို စနစ်တကျထားရှိပြီး အစိုးရအဖွဲ့က သတ်မှတ်သည့် စာရင်းစစ် အဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲသည့် နည်းလမ်းအရ အရေးယူခြင်း

၂၁။ ဤဥပဒေအညီ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိရပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ခ) ဒဏ်ကြေးသတ်မှတ်ပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဂ) ယာယီရပ်ဆိုင်းထားသော ပြတိုက်များကို ဆက်လက်ဆောင်ရွက်စေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်း၊

## အခန်း (၁၁)

## အယူခံခြင်း

၂၂။ ကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

Myanmar Law Information System (MLIS)

၂၃။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပြန်လည်စိစစ်စေရန် ညွှန်ကြားခြင်းများ ပြုနိုင်သည်။

၂၄။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၂၅။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိဘဲ ပြတိုက်များဖွင့်လှစ်ခြင်း မပြုရ။

၂၆။ မည်သူမျှ ကော်မတီနှင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်မရရှိဘဲ နိုင်ငံတော်ပိုင်ပြတိုက်များမှ ရှေးဟောင်းဝတ္ထု တစ်ခုခုကို ပြတိုက်ပြင်ပသို့ ယူဆောင်သွားခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း တစ်နည်းနည်းထိခိုက်စေခြင်း မပြုရ။

၂၇။ မည်သူမျှ ပြတိုက်တွင် ပြသထားသည့် ပစ္စည်းများကို ဖျက်စီးခြင်း၊ ဖျောက်ဖျက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ တစ်နည်းနည်း ထိခိုက်စေခြင်း မပြုရ။

၂၈။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် အောက်ပါပြုလုပ်မှုများကို ဆောင်ရွက်ခြင်း မပြုရ။

(က) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ ဘာသာသာသနာကိုလည်းကောင်း ထိခိုက်စေရန် ရည်ရွယ်၍ ပြသခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန် သော်လည်းကောင်း လှုံ့ဆော်ရာရောက်သည့် အကြောင်းအရာများဖော်ပြခြင်း။

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၂၉။ မည်သူမဆို ပုဒ်မ ၂၅ ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၃) လ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပစ္စည်း၏ ကာလတန်ဖိုး ပေးလျော်စေရမည့်အပြင် ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၈ ကိုကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်သုံးသိန်း အထိဖြစ်စေ၊ ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၃၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင်-

(က) ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

Myanmar Law Information System (MLIS)

(ခ) ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူသည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းဝင်ဖြစ်ပါက သက်ဆိုင်ရာဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၃၃။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြတိုက်ဖွင့်လှစ်ထားရှိခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား မှတ်ပုံတင်လက်မှတ်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၄။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ကော်မတီဝင်များနှင့် စစ်ဆေးရေးအဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ ဤဥပဒေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များ ဥပဒေ(၂၀၁၅ ခုနှစ်၊ စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ဥပဒေ အမှတ် ၁) ကိုရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပ်နှင်းထားသောတာဝန်အရ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

ပုံ-

ဒေါက်တာမြင့်နိုင်

ဝန်ကြီးချုပ်

Myanmar Law Information System (MLIS)